**မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအစီအစဉ်အရ ဖွင့်လှစ်သည့် "Training on Data Base System Construction No.2"**

**သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ**

**"Training on Data Base System Construction No.2"** သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၈-၁၁-၂၀၂၂ ရက်နေ့ နေ့လယ် (၂:၀၀)နာရီ အချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး မှ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါ သင်တန်းကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ မှ နိုဝင်ဘာလ ၂၂ ရက်နေ့အထိ ရုံးအမှတ် (၃၂) ၊ ဗဟိုစာရင်းအင်းအဖွဲ့၏ သင်တန်းခန်းမ၌ ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းနည်းပြဖြစ်သူ ဆရာဦးချမ်းငြိမ်းကျော်က သင်ကြားပို့ချမည်ဖြစ်ပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

သင်တန်းသားများအနေဖြင့် Microsoft Access ကို အသုံးပြု၍ ကုန်သွယ်မှုဆိုင်ရာ စာရင်းအင်းအချက်အလက်များကို နိုင်ငံအလိုက်၊ ကုန်ပစ္စည်းအမျိုးအစားအလိုက်၊ ကုန်သွယ်မှု လမ်းကြောင်းအလိုက်၊ ကုန်သွယ်မှုကဏ္ဍအလိုက် စသည်ဖြင့် လွယ်ကူ၊ မှန်ကန်၊ မြန်ဆန်စွာ လိုအပ်သည့်အချိန်တွင် ထုတ်ယူအသုံးပြုတတ်စေရန်နှင့် လေ့လာဆန်းစစ်မှုများ ပြုလုပ်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

Introduction to Microsoft Office Access, Database Creation in Microsoft Office Access, Working with the Data, Reports, Macros နှင့် Linking External Data တို့ ဖြစ်ပါသည်။ အဆိုပါ သင်ခန်းစာများအား SQL Server Configuration Manager နှင့် Microsoft Excel စသည်တို့ကို အသုံးပြု၍ Microsoft Office Access ဖြင့် Creating Database and Tables, Creating Reports, Writing SQL, Importing Excel Files နှင့် Linking External Data as MS SQL Server ကို လက်တွေ့အသုံးချနိုင်ရန် သင်ကြားပို့ချမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့ ရုံးချုပ်မှ(၂၂) ဦး၊ အကောက်ခွန်ဦးစီးဌာနမှ (၃) ဦး နှင့် ကုန်သွယ်ရေးဦးစီးဌာနမှ (၂)ဦး စုစုပေါင်း အရာထမ်း၊ အမှုထမ်း (၂၇) ဦး တက်ရောက်ခဲ့ပါသည်။